# ထာဝရထွန်းလင်းနေသော

## Sun StillShines, The

ကျွန်မမှတ်မိသိရှိနိုင်သလောက် ပြန်လည်စဉ်းစားကြည့်လျှင် ကျွန်မသည် တိမ်ထူပြီး မိုးအုံ့သောနေ့များကို မကြိုက်ပါ။ အထူးသဖြင့် ဆောင်းရာသီကို အလွန်မုန်းသည်။ ထိုကာလများသည် အဆုံးမရှိတော့သကဲ့သို့ ထင်ရသည့်ပြင် ကိုယ်ရောစိတ်ပါ လေးလံထိုင်းမှိုင်းပြီး မျှော်လင့်ချက်ကင်းမဲ့နေသရောင် ထင်ရသည်။

သို့တိုင်အောင်ပင် ထိုသို့သော အုံ့မှိုင်းသည့်နေ့ရက်များသည် ဘဝ၏ရှောင်လွှဲမရသော အစိတ်အပိုင်းများဖြစ်သဖြင့် ထိုနေ့ရက်များကို ကျွန်မနှစ်ခြိုက်သဘောကျလာအောင် လေ့လာသင်ယူဖို့ ဆုံးဖြတ်မိခဲ့ပါသည်။

ထိုနေ့ရက်များကို ပျော်ရွှင်စွာ ကျော်ဖြတ်နိုင်ရန် လွန်ခဲ့သော နှစ်အနည်းငယ်ကတည်းက ကျွန်မစီမံဆောင်ရွက်ခဲ့သည်။ ယခုမူ ထိုနေ့ရက်များသည် ကျွန်မအတွက် သိပ်ပြီးစိုးရိမ်ဖွယ်ရာ မရှိတော့ပေ။ ကျွန်မ၏လျှို့ဝှက်ချက်ပေလား။ စင်စစ် ကျွန်မတွင် လျှို့ဝှက်ချက်များစွာ ရှိပါသည်။

တစ်ခါတစ်ရံ အဆိုပါနေ့မျိုးများတွင် ကော်ဖီနှင့် တွဲဖက်သုံးဆောင်ရမည့် အထူးမုန့်တစ်မျိုးမျိုး ပြုလုပ်သည်။ သို့မဟုတ်ပါက ကိတ်မုန့်၊ ကွတ်ကီးစသည်တို့ကို ပြုလုပ်သည်။ တစ်အိမ်လုံးတွင် ကော်ဖီနှပ်နံ့နှင့် အိမ်လုပ်မုန့်မျိုးစုံတို့၏ အနံ့များဖြင့် သင်းလှိုင်နေကာ နွေးထွေးနှစ်သိမ့်၊ ဘဝင်ငြိမ့်သော ခံစားမှုကို ဖန်တီးဖြစ်ပေါ်စေသည်။

အဆိုပါ အုံ့မှိုင်းသောနေ့မျိုးများတွင် ကျွန်မနှစ်သက်သော အရောင်တောက်ပသည့် ဆွယ်တာအင်္ကျီကိုဝတ်ဆင်၍ဖြစ်စေ၊ တောက်ပသော လက်ဝတ်ရတနာများကို ဝတ်ဆင်၍ဖြစ်စေ၊ မှိုင်းသောနေ့ကို တောက်ပလာအောင် ဖန်တီးမှုကိုလည်း သင်ယူတတ်၊ လေ့လာသိရှိတတ်လာခဲ့ပါသည်။

ထိုနေ့မျိုးများတွင် များသောအားဖြင့် ဘုရားသခင်ကို ကျေးဇူးတင်တတ်ရန် ကျွန်မသိရှိလာခဲ့ပါသည်။ စည်းစိမ်ဥစ္စာတို့အပေါ်တွင် အရှုံးအမူးစွဲလန်းခြင်းမရှိသည့်တိုင်အောင် ကျွန်မသည် မိုးရေယိုစိမ့်ခြင်းမရှိသော ခိုင်ခန့်သည့် အိမ်တစ်လုံးအတွင်းတွင် ကျန်းမာကြံ့ခိုင်စွာ နေရသည်။ နွေးထွေးသော အိပ်ရာနေရာရှိသည်။ စားဖွယ်သောက်ဖွယ်များကလည်း စားပွဲပေါ်တွင် အရန်သင့်ပင်။ ကျွန်မနှင့်အတူ ကောင်းချီးမင်္ဂလာများကို ခံစားရမည့်သူ အချို့ရှိသည်။

သိပ်မကြာသေးသောကာလက ထိုသို့သော အုံ့မှိုင်းသည့် နေ့တစ်နေ့တွင် ကျွန်မနေအိမ်ပြင်ပသို့ ထွက်ခွာခဲ့မိသည်။ ထိုနေ့က တိမ်ထူထပ်လွန်းနေသော်လည်း မိုးရွာမည်ဟု မထင်မိခဲ့ချေ။ သို့သော် အိမ်မှ ၂၅ဘလောက်ခန့်အကွာသို့အရောက် နေမြင့်လာသောအချိန်တွင်မူ ကျွန်မမိုးမိပါတော့သည်။ တစ်စိတ်တစ်ပိုင်းမျှ နားခို၍ရသော နေရာအချို့ကို တွေ့ရပြီး ထိုနေရာတွင်ပင် မိုးတိတ်အောင် တစ်နာရီခန့်စောင့်နေခဲ့မိသည်။ မိုးက မတိတ်ဘဲ ပို၍သည်းလာသောအခါ အိမ်ပြန်ရန် ကျွန်မဆုံးဖြတ်ခဲ့သည်။ သည်နေရာမှနေပြီး မိုးစိုသည်ထက် အိမ်မှာနေပြီး မိုးစိုသည်က ပို၍ကောင်းသည်ဟု ကျွန်မတွေးမိသည်။ အိမ်သို့ပြန်ရောက်သည့်အချိန်တွင်မူ ကျွန်မ၏အဝတ်အစားများနှင့် ဆံပင်များတွင် မိုးရေများ စက်စက်ကျအောင်ရွှဲနစ်နေတော့သည်။ ရေနွေးဖြင့် ရေချိုးလိုက်ပြီး နေ့လည်စာစားလိုက်သည်။ ကျွန်မ ကျေနပ်အားရသွားတော့သည်။

ကျွန်မမိုးမိပြီး ခိုက်ခိုက်တုန်အောင် ချမ်းနေစဉ်အခါက ဘေးဒုက္ခကျရောက်နေသူအားလုံးအတွက် မေတ္တာပို့၍ ဆုတောင်းပေးခဲ့မိသည်။ ကြက်သားကင်ရသောဒုက္ခ၊ ဆံပင်ကို အရောင်ဆိုးမှားသောဒုက္ခ ကဲ့သို့သော ဒုက္ခမျိုးကိုမဆိုလိုပါ။ တကယ့်ဘေးဒုက္ခကို ဆိုလိုခြင်းဖြစ်ပါသည်။ တော်နာဒိုလို မုန်းတိုင်းမျိုးကြောင့် အိုးပစ်၊ အိမ်ပစ် စွန့်ခွာရသူများ၊ ချိုးစရာရေနွေး၊ ဝတ်စရာသွေ့ခြောက်သန့်ရှင်းသောအဝတ်၊ စားစရာပူနွေးသောအစားအစာ မရှိသည့် တကယ့်ဘေးဒုက္ခကြုံတွေ့နေရသူများကို ဆိုလိုပါသည်။ သို့မဟုတ် လိုတာရလျှင် စိတ်ချမ်းသာမည်ဟု ယူဆထားသော်လည်း လိုတာရသည့်တိုင် ပြည့်စုံသည်ဟု မယူဆဘဲ လစ်ဟာနေသည်ဟု ခံစားနေရသူများ၊ အထီးကျန်နေသူများကို ဆိုလိုပါသည်။

သင့်အပေါ်တွင် ဆိုးရွားသော ရာသီဥတု သို့မဟုတ် ဆိုးရွားသော အခြေအနေများ ကျရောက်လာလျှင် မိုးမိပြီးသောအခါ ခန္ဓာကိုယ်ကို နွေးထွေးသွားစေသော ရေပူစမ်းကဲ့သို့ အခြေအနေပို၍ ဆိုးရွားသော သူများအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် မေတ္တာပို့လွှတ်ဆုတောင်းပေးပါ။ ခံစားနေရသော အထီးကျန်နေသော သို့မဟုတ် ကံအကြောင်းမလှသော အခြေအနေတစ်ရပ်ကို ပြောင်းလဲပြစ်ရန် စွမ်းအင်ကုန်ခန်းနေသူတစ်ဦးတစ်ယောက်အတွက် စိတ်ဓါတ်တက်ကြွလာစေရန် ဆုတောင်းပေးပါ။

ကျွန်မတို့တွင် အရာတိုင်းကို သိမြင်သော ကျွန်မတို့ကို မေတ္တာတော်ဖြန့်ကျက်ပေးသော သူ၏ဝိဇ္ဇာဉာဏ်နယ်ပယ်ကိုလွန်၍ ကျွန်ုပ်တို့အား စမ်းသပ်ခွင့်မပြုဘဲ သူ၏ကူညီစောင့်ရှောက်မှုဖြင့် ထုတ်ဆောင်ကယ်တင်လေ့ရှိသော လတ်လတ်ဆတ်ဆတ်နှစ်၍ထားသော ကော်ဖီရနံ့ကဲ့သို့ စိတ်နှလုံးကို သိမ်းကြုံးဆွဲငင်တတ်သော ဘုရားသခင်ရှိနေကြောင်း သိရှိနေလျှင် ကျွန်မတို့၏ စိတ်ဓါတ်တို့သည် တက်ကြွရွှင်လန်းနေပါလိမ့်မည်။

ကောင်းကင်ပြာကို မော့ကြည့်၍ တိမ်မည်းညိုတို့ အုပ်ဆိုင်းနေလျှင်သော်မှ ထိုတိမ်မည်းညိုတို့၏အထက်တွင် နေမင်းသည် တောက်ပစွာထွန်းလင်းလျက် ရှိနေပါသည်။ ယင်းသည် အကြောင်းတရားတစ်ရပ်ဖြစ်သည်။ တိမ်မည်းညိုများက နေမင်းကို ကျွန်မတို့မမြင်ရအောင် ကွယ်ကာထားသော်လည်း နေမင်းကာ အခြားနေ့များကဲ့သို့ ဝန်းဝိုင်းတောက်ပစွာ ထွန်းလင်းမြဲထွန်းလင်းလျက် ရှိနေပါသည်။ မောဟအမှောင်များသည် ကျွန်မတို့ကို လွှမ်းခြုံပိတ်ဖုံးထားသော်ငြားလည်း ဘုရားသခင်၏ မေတ္တာတော်ကား အမိုက်မှောင်များ လွင့်ပြယ်ပြီး ကျွန်မတို့၏စိတ်ဝိညာဉ်များ နိုးကြားနွေးထွေးလာမည့် အချိန်အခါကောင်းကိုစောင့်လျက် ဖြန့်ကျက်ထွန်းလင်းနေဆဲ ဖြစ်ပါသည်။

ထို့ကြောင့် နောက်တစ်ခါ မိုးလေဝသဌာနမှ “မိုးလေဝသအထူးသတိပေးချက်” ကြေညာလာပါက ဆိုးရွားသောရာသီဥတုဒဏ်ကို ကုစားသည့် ကျွန်မ၏ကုထုံးလေးများက အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုပါလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အရောင်တောက်ပသော ဆွယ်တာကိုဝတ်ပါ။ ကော်ဖီပူပူကလေးတစ်ခွက်သောက်လိုက်ပါ။ ဘုရားသခင်ကို ကျေးဇူးတော်တင်ပါ။ အကူအညီလိုနေသူတစ်ဦးတစ်ယောက်အတွက်

ဆုတောင်းပေးလိုက်ပါ။ သို့ဆိုလျှင် ပြင်ပလောကတွင် ရာသီဥတု အခြေအနေမည်သို့ပင် ရှိနေပါစေ သင်၏တစ်နေ့တာသည် ထွန်းလင်းတောက်ပနိုင်ပါလိမ့်မည်။

အဆိုးမြင်သမားဟူသည် သူကိုယ်တိုင် ကောင်းကျိုးခံစားနေရသည်ကိုပင် အဆိုးမြင်တတ်သည်။ ပို၍ကောင်းကျိုးခံစားရလေလေ ပို၍မကောင်းမြင်တတ်လေဖြစ်သည်။

အဆိုးမြင်သမားသည် သူ့ဘဝတွင် စိတ်မချမ်းမသာဖြစ်နေရသည်ကို ဘယ်တော့မှမသိချေ။

အကောင်းမြင်တတ်သော အမျိုးသမီးကြီးတစ်ဦးက "အင်း နည်းနည်းလေးတော့ ခက်တာပေါ့လေ။ ကျွန်မမှာ သွားနှစ်ချောင်းပဲရှိတယ်။ အပေါ်မှာ တစ်ချောင်း၊ အောက်မှာ တစ်ချောင်း။ ဒါပေမဲ့ အဲဒီသွားနှစ်ချောင်း အပေါ်အောက်တည့်နေတာကိုပဲ ဘုရားသခင်ကို ကျေးဇူးတင်ရမယ်" ဟု ဝန်ခံပြောဆိုတတ်ပါသည်။

အကောင်းမြင်သမားသည် အခက်အခဲတိုင်းတွင် အခွင့်အလမ်းတစ်ခုကို သိမြင်တတ်ပြီး အဆိုးမြင်သမားသည်ကား အခွင့်အလမ်းတိုင်းကို အခက်အခဲတစ်ခုစီအဖြစ် ရှုမြင်တတ်သည်။

(ဆာ ဝင်စတန် ချာချီလ်)
(Sir Winston Churchill)

အရာတိုင်းတွင် ဘက်နှစ်ရှိသည်ဟုသိထားလျှင်၊ ကောင်းသောဘက်ကိုသာ ကြည့်ကြပါစို့။

(မဟတ္တမ ဂန္ဒီ)
(Mahatma Gandhi)

(ဗစ်တိုးရီးယား အော်လီဗက်တာ)
(By. Victoria Olivetta)